# AW Foundation မှ သဘာဝဘေးအန္တရာယ် ငလျင်ဘေးဒဏ်သင့်ဒေသများအား ကူညီကယ်ဆယ်ရေးအတွက် စက်ယန္တရားပေါင်း (၁၀၀) ကျော်ဖြင့် ပါဝင် ဆောင်ရွက်

- **ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပံ့ပိုးပေးနိုင်ရန်အတွက် AW Foundation အနေဖြင့် ရန်ပုံငွေအလှူအဖြစ် ငွေကျပ် သိန်းပေါင်း (၂၀,၀၀၀) အား ထည့်ဝင်လှူဒါန်းခဲ့ပြီးဖြစ်**



**ဓာတ်ပုံ - AW Foundation ၏ ငလျင်ဘေးသင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့ နှင့် စက်ယာဉ် ယန္တရားများ**

**ရန်ကုန်၊ မြန်မာ၊ (၂၀၂၅) ခုနှစ်၊ ဧပြီလ (၃) ရက်၊ ဗုဒ္ဓဟူးနေ့ -** ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့၊ နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးအား ဗဟိုပြု၍ ရစ်ချ်တာစကေး ၇.၇ အဆင့်ရှိ အင်အားပြင်း မြေလျင် လှုပ်ခတ်ခဲ့ရာ အဆိုပါ အင်အားပြင်း မြေလျှင်ကြောင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပံ့ပိုးပေးနိုင်ရန်အတွက် AW Foundation အနေဖြင့် ရန်ပုံငွေအလှူအဖြစ် ငွေကျပ် သိန်းပေါင်း (၂၀,၀၀၀) အား ထည့်ဝင်လှူဒါန်းခဲ့ပြီး၊ စက်ယာဉ် ယန္တရားပေါင်း (၁၀၀) ကျော်ဖြင့် နေပြည်တော် နှင့် မန္တလေး တိုင်းဒေသကြီးတို့အတွက် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအားဆောင်ရွက်ရာတွင်လည်း ငလျင်ဘေးဒဏ်သင့်ခဲ့သော လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေးအတွက် ထိရောက်သော အကူအညီအထောက်အပံ့ကောင်းများဖြစ်စေရန်အတွက် ငွေအား၊ လူအား၊ စက်ယန္တရားအား၊ နည်းပညာအားတို့ဖြင့် စနစ်ကျအကျိုးရှိစွာ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။






**ဓာတ်ပုံ - AW Foundation ၏ ငလျှင်ဘေးသင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့၏ စက်ယာဉ် ယန္တရားများများဖြင့် ပြိုကျပျက်စီးနေသော လမ်းများ၊ အဆောက်အအုံများအား ရှင်းလင်းပြင်ဆင်မှုများ ပြုလုပ်နေစဉ်**

ဖြစ်ပွားခဲ့သော မြန်မာ့အင်အားပြင်းငလျင်ကြောင့် မြန်မာနိုင်ငံဒေသအသီးသီးမှ မိသားစုဝင်များ၊ အသက်အိုးအိမ် စည်းစိမ်နှင့် သမိုင်းဝင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦများအစရှိသည့် ဆုံးရှုံးမှုများစွာ ကြုံတွေ့ခံစားခဲ့ရသည့်အတွက် ပြည်သူလူထုနှင့် ထပ်တူ များစွာ စာနာဝမ်းနည်းမိကြောင်းနှင့် ဆက်လက်၍လည်း ပြည်သူလူထုအတွက် လိုအပ်သော အထောက်အပံ့ကောင်းများအား ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## About AW Foundation

### Together, we can create change!

(၂၀၁၄) ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော AW ဖောင်ဒေးရှင်းသည် နိုင်ငံတဝှမ်း ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး နှင့် အရေးပေါ်လိုအပ်သော အထောက်အပံ့များ ရရှိရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနိုင်ရေး လူမှုအကျိုးပြုလုပ်ငန်းများကို ပါဝင်အားဖြည့် လုပ်ဆောင်လျှက်ရှိ ပါသည်။

AW ဖောင်ဒေရှင်းအနေဖြင့် မြန်မာနိုင်ငံသားများ၏ ပိုမိုကောင်းမွန်သော လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီ အားဖြည့်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပံ့ပိုးမှုများကိုလည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ကုတင် (၁၁၀) ဆံ့ မြန်မာ့ပထမဆုံး ကူးစက် ရောဂါအထူးပြုကုသရေးစင်တာ (ဝေဘာဂီ)၊ (၂၄၃) မီတာအရှည် မြန်မာ့ပထမဆုံး ကြိုးတင် ဖိအားဖြည့်တင်းခံ သံကူကွန်ကရစ် စနစ်သုံး ပလက်ဝ တံတား (တောင်ငူ) စီမံကိန်း၊ (၅၅) ကီလိုမီတာအရှည် ရခိုင် အငူမော် - မောင်တော လမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း တို့နှင့်အတူ အခြားသော ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အကျိုးပြုမှုများစွာအား ဆောင်ရွက် ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

AW ဖောင်ဒေးရှင်းအနေဖြင့် အဖွဲ့အစည်း သံန္နိဋ္ဌာန်နှင့်အညီ လူမှုရေးထောက်ပံ့မှုများကို ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံသားများ၏ လူမှုဘဝတိုးတက်ရေးအတွက် စစ်မှန်အကျိုးရှိသော အကူအညီများအား စဉ်ဆက်မပြတ် ပါဝင်ကူညီ အားဖြည့်ပေးနေမည်ဖြစ်သည်။